

# ရောကြော်မလုပ်နဲ့

ဆရာတော် အရှင်ဘုရား၊
အိန္ဒိယကို ဘုရားဖူးသွားစဉ်က မြန်မာဘုန်းကြီးကျောင်း တစ်ခုမှာ မြန်မာ အင်္ဂလိပ် ဟိန္ဒီဘာသာများဖြင့် ဗုဒ္ဓဘာသာ ခရစ်ယန်ဘာသာ အစ္စလမ်ဘာသာ ဟိန္ဒူဘာသာစသော ကမ္ဘာ့ဘာသာတရားများမှာ နာမည်သာ ကွဲပြားပြီး ဟောကြားသည့် တရားဓမ္မ အနှစ်သာရမှာ အတူတူသာ ဖြစ်သည်ဟု နံရံမှာ စာလုံးကြီးဖြင့် ရေးထားသည်ကို တွေ့ရခဲ့ရ၍ အံ့ဩနေမိပါသည်။ ထိုအယူအဆနှင့် ပတ်သက်ပြီး ဗုဒ္ဓမြတ်စွာက မည်သို့ ဟောကြားသည်ကို သိလိုပါသည် ဘုရား။

ကွမ်းထန်၊ ကနေဒါ

---

## ဝါဒပုံစံနှစ်မျိုး

ဘာသာတရားတွေ အားလုံးကို ခြုံကြည့်ရင် တွေ့ကြုံသိဝါဒနဲ့ စိတ်ကူး ပုံဖော်ဝါဒ လို့ နှစ်မျိုးတွေ့ရတယ်။ ဗုဒ္ဓဟာ ကိုယ်တိုင် ကျင့်ကြံအားထုတ်ပြီး တရားထူးကို သိခဲ့တယ်။ အဲဒီအသိကို သူတစ်ပါးတို့ကို သင်ပေးတယ်။ သင်ယူပြီး လိုက်နာကျင့်သုံးသူ အားလုံးလည်း ဗုဒ္ဓသိတဲ့ အသိကို နားလည်ပြီး ချမ်းသာသွားကြတယ်။ ဒါကြောင့် ဗုဒ္ဓဝါဒဟာ ပထမ အမျိုးအစားမှာ ပါတယ်။ ဒီအမျိုးအစားမှာ နားလည်မှုဟာ ယုံကြည်မှုရဲ့ အခြေခံ ဖြစ်တယ်။ အတင်းအကြပ် မယုံကြည်ခိုင်းဘူး။

ဒုတိယ ဝါဒအမျိုးအစားကတော့ ရှေးဦး ဟောပြောသူတို့ရဲ့ စိတ်ကူး စိတ်သန်း (conception) ကို ဗဟိုပြုတဲ့အတွက် တည်ရှိပြီး ယုံကြည်မှုနဲ့ လူမျိုးမတူလို့ ဖြစ်ရတဲ့ ခြားနားမှုတွေကို လက်တွေ့ (ကိုယ်ကာယနဲ့) ဆန့်ကျင်ဖို့၊ တော်လှန်တိုက်ခိုက်ဖို့ တိုက်တွန်းတာတွေကို တွေ့ရတယ်။ အုပ်စုနှစ်ခုရဲ့ နာကျည်းစိတ် အရင်းခံကြောင့် ဒေါသ (မနာလိုမှု)၊ ဝေရပ္ပဋိကာရ (လက်စားချေမှု)နဲ့ အာဃာတ (ရန်ငြိုးဖွဲ့မှု) တွေကို တိုးပွားစေတဲ့ လမ်းညွှန်ချက်တွေကို ၎င်းတို့ရဲ့ မြင့်မြတ်တဲ့ Holy ကျမ်းဂန်တွေမှာ အတိအကျ မှတ်တမ်းတင်ထားပါတယ်။

### ကျမ်းညိုခြင်း (၁)

ထွက် ၂၀း၃။ ငါမှတစ်ပါး အခြားသော ဘုရားကို မကိုးကွယ်နှင့်။ ၄။ အထက် မိုးကောင်းကင်၌လည်းကောင်း၊ မြေကြီးအောက် ရေထဲ၌လည်းကောင်း ရှိသောအရာနှင့် ပုံသဏ္ဌာန်တူအောင် ရုပ်တုဆင်းတုကို ကိုယ့်အဘို့ မလုပ်နှင့်။ ၅။ ဦးမချ ဝတ်မပြုနှင့်။ အကြောင်းမူကား သင်၏ ဘုရားသခင် ငါထာဝရဘုရားသည် သင်၌ အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား (ဖြစ်သတည်း)၊ ငါ့ကို မုန်းသောသူတို့၏ အမျိုးအစဉ်အဆက် တတိယအဆက် စတုတ္ထအဆက်တိုင်အောင် အဘတို့၏ အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်သော ဘုရားဖြစ်သတည်း။

စက္ကဝတ္တိသုတ်၊ ပိုဒ် ၈၀။ ရဟန်းတို့၊ သင်တို့သည် မိမိကိုသာလျှင် ဓမ္မကိုသာလျှင် ကျွန်းသဖွယ် မှီခိုရာပြု၍၊ မိမိကိုသာလျှင် ဓမ္မကိုသာလျှင် အားကိုးရာပြု၍၊ မိမိမှတစ်ပါး ဓမ္မမှတစ်ပါး အခြားအရာများကို အားမကိုးဘဲ နေကြလော့။ (အဘယ်သို့နည်းဟူမူ) ဤသာသနာတော်၌ ရဟန်းသည် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့၌ သတိဖြင့် အဖန်ဖန်ရှု၍နေမူ မိမိကိုသာလျှင် ဓမ္မကိုသာလျှင် အားကိုးရာပြု၍၊ မိမိမှတစ်ပါး ဓမ္မမှတစ်ပါး အခြားအရာများကို အားမကိုးဘဲနေသည်မည်၏ (ဒီ ၃၊ ၄၃)။

### ကျမ်းညိုခြင်း (၂)

ဝတ်ပြု ၂၄း၁၉။ လူသည် အိမ်နီးချင်းကို နာအောင်ပြုလျှင် သူ့ကို ပြုသည်အတိုင်း ကိုယ်ခံရမည်။ ၂၀။ အရိုးကို ချိုးသည်အတွက် အရိုးချိုးခြင်းကို လည်းကောင်း၊ မျက်စိကို ဖျက်သည်အတွက် မျက်စိဖျက်ခြင်းကို လည်းကောင်း၊ သွားကို ချိုးသည်အတွက် သွားချိုးခြင်းကို လည်းကောင်း၊ သူ့ကို နာကျင်စွာ ပြုသည်အတိုင်း ကိုယ်တိုင် နာကျင်စွာ ခံရမည်။ ၂၁။ လူအသက်ကို သတ်သေ သသူသည် အဒေ



www.kelasa.org

သတ်ခြင်းကို ခံရမည်။ ၂၃။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရ ဘုရားဖြစ်သည်ဟု (ထာဝရဘုရားက) မောရှေအား မိန့်တော်မူ၏။

ကိုရ်အာန် ၄း၁၄။ အကယ်၍ အသင်တို့သည် (အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် မထွက်ကြပါလျှင်၊ ထိုအရှင်မြတ်သည် အသင်တို့အား နာကျင်သော ပြစ်ဒဏ်ကို ပေးတော်မူအံ့။ ထိုမှတစ်ပါးလည်း ထိုအရှင်မြတ်သည် အသင်တို့အစား အခြားလူမျိုး တစ်မျိုးကို လဲလှယ်(ဖန်ဆင်း)တော်မူအံ့။ ထို့ပြင် အသင်တို့သည် ထိုအရှင်မြတ်အား အနည်းငယ် စိုးစဉ်းမျှလည်း အကျိုးယုတ်အောင် ပြုနိုင်ကြမည်မဟုတ်ပေ။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းကို ပြုစွမ်းနိုင်တော်မူသော အရှင်မြတ် ဖြစ်တော်မူပေသတည်း။

ဥပက္ကိလေသသုတ်၊ ပိုဒ် ၂၃၇။ ရန်ကို ရန်တုံ့မူ၍ မငြိမ်းနိုင်။ ရန်မတုံ့ပြန် ခြင်းဖြင့်သာ ရန်ငြိမ်းနိုင်၏။ ဤသည်မှာ ဘုရားရှင်တို့၏ အဆုံးအမ ဖြစ်၏ (မ ၃၊ ၁၉၂)။

Holy ကျမ်းဂန်တွေက ထုတ်နုတ်ချက်တွေပါ။

## အမှားနဲ့ အမှန်

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူခါနီးမှာ သုဘဒ္ဒပရိဗိုဇ်က ‘အယူဝါဒ တီထွင်သူတွေဟာ မိမိဝါဒသာ မှန်တယ်လို့ ဟောပြောကြပါတယ်။ အမှန်တရားကို ဘယ်လို သိနိုင်မလဲ’လို့ ဗုဒ္ဓကို မေးပါတယ်။ ဗုဒ္ဓရဲ့ အဖြေက ‘အကြင်သာသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဟူသော ဓမ္မ မရှိ၊ ထိုသာသနာ၌ စိတ်ပိုင်းဘဝ ရင့်ကျက်ပြီးတိုးတက်မှု ဖြစ်စဉ် မရှိ။ ငါ(ဗုဒ္ဓ)ဘုရား၏ သာသနာ၌မူ အရိယမဂ္ဂ ဓမ္မ ရှိသောကြောင့် စိတ်ပိုင်းဘဝ တိုးတက်မှုဖြစ်စဉ် အဆင့်ဆင့် ရှိ၏’လို့ ဖြေကြားခဲ့ပါတယ်။ စိတ်ပိုင်းဘဝ ငြိမ်းချမ်းမှုအတွက် လေ့ကျင့်အားထုတ်ပုံ နည်းလမ်းကို ပေးနိုင်တဲ့ ဘာသာတရားမျိုးဖြစ်ရင် ကိုးကွယ်ဆည်းကပ်သူမှာ စိတ်ပိုင်း ရုပ်ပိုင်း နှစ်မျိုးလုံးကို လုံခြုံစေပါတယ်။ ဘာသာတရား တစ်ခုဟာ သူတစ်ပါးကို ရန်ပြုရင် မိမိလဲ အန္တရာယ်ရှိတာပေါ့။

ဗုဒ္ဓဝါဒအလို အမှားနဲ့ အမှန်ကို မမြင်နိုင်ကောင်းတဲ့ စိတ်ကူးထဲက တန်ခိုးရှင်ထံမှာ အဆုံးအဖြတ် မခံဘဲ မဂ္ဂင်ရှစ်ပါး ပေတံနဲ့ မိမိဖာသာ တိုင်းတာတတ်အောင် ကြိုးစားပါတယ်။

## မတူပါဘူး

ဘုန်းကြီးရဲ့ အမြင်အရ ဘာသာဝါဒတိုင်းမှာ ဦးတည်ချက် ပန်းတိုင် ကိုယ်စီရှိကြလို့ ဘာသာရေးမှန်ရင် အားလုံး အတူတူပါလို့ ‘ရောကြော်’ မလုပ်ပစ်နိုင်ပါဘူး။ သူများက လုပ်လာရင်လဲ ဗုဒ္ဓဝါဒီတွေက လက်မခံနိုင်ပါဘူး။ အချို့ဘာသာတရားတွေဟာ အဓိပ္ပာယ်အနေနဲ့ မိုးနဲ့မြေလို ခြားနားပါလျက် ဗုဒ္ဓဝါဒဝေါဟာရတွေကို ယူသုံးနေတာတွေရှိတယ်။ ဒါမျိုးတွေ့ရင်တောင် မိမိတို့ဗုဒ္ဓဝါဒီတွေက အဲဒီဝေါဟာရရဲ့ ဗုဒ္ဓဝါဒ အဓိပ္ပာယ်မှန်ကို ရှင်းပြရအုံးမှာ။ မေးခွန်းပါ ဘာသာတရားတွေက စကြဝဠာကို စိုးပိုင်တဲ့ ဖန်ဆင်းရှင် (ဣဿရ နိမ္မာန) ပုဂ္ဂိုလ်ကို ယုံတယ်။ ဗုဒ္ဓဝါဒီ တွေက မိမိကိုယ်တိုင်မှတစ်ပါး ပြင်ပက တန်ခိုးရှင်ဆိုတာတွေကို လုံးဝ မယုံဘူး။ လူသာ ပဓာနဖြစ်ပါတယ်။ အဲဒါ အဓိက ခြားနားချက်ပဲ။

အဲဒီလို အခြေခံယုံကြည်ချက် မတူရင် ဟောကြားတဲ့ တရားဓမ္မလည်း ဘယ်နည်းနဲ့မှ မတူနိုင်ပါဘူး။ ဘာကြောင့်ဆို စိုးပိုင် ဖန်ဆင်းရှင်ရှိ ဝါဒက ထာဝရတည်မြဲတဲ့ တစ်ဆူတည်းသော ဘုရားရှိတယ်ဆိုတာကို ‘ယုံလိုက်စမ်းပါ မိတ်ဆွေ’လို့ အရေးတကြီး တောင်းဆိုသလို မယုံတဲ့ ဗုဒ္ဓဝါဒကလဲ ‘ကံဆိုတာအလုပ်၊ အလုပ်ကောင်းမှ ကံကောင်းတယ်’လို့ ကိုယ့်အားကိုယ်ကိုးဖို့ အဓိက ညွှန်ပြတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ ❐

လောကမှာ ဗုဒ္ဓဆိုတဲ့ ပုဂ္ဂိုလ် မရှိခဲ့ဖူးဘူးလို့ သက်သေ
ပြခဲ့နိုင်ရင်တောင် ဗုဒ္ဓဓမ္မကတော့ တည်ရှိနေဦးမှာပါ။

Buddhism would remain what it is even if
it were proved that the Buddha never lived.
*Christmas Humphreys.*

www.kelasa.org